[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**အောက်တိုဘာလ ၁၁ ရက်၊ ၂၀၂၂ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၉ရက် ၂၀၂၂ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ - စက်တင်ဘာလ ၂၅ | စက်တင်ဘာလ ၂၆ရက်မှ အောက်တိုဘာလ ၉ရက် | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၂၇၈ | ၁ | ၂၇၉ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၃၃ | | |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၂၆၃ | ၆ | ၂၆၉ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၉၄ | ၂ | ၉၆ |
| | ဒီးမော့ဆိုမြို့နယ် | ၄၀၇ | ၂ | ၄၀၉ |
| | ဖယ်ခုံမြို့နယ် | ၂၇၂ | | ၂၇၂ |
| | ဖရူဆိုမြို့နယ် | ၅၆ | | ၅၆ |
| | ဘောလခဲမြို့နယ် | ၂ | | ၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ စက်တင်ဘာလ ၂၅ ရက်နေ့ အထိ** | **IDPs အသစ် စက်တင်ဘာလ ၂၆ ရက် - အောက်တိုဘာလ ၉ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၇၈၂၆၅ | | ၇၈၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၂၀၂၁၁၅** | | **၂၀၂၁၁၅** |



စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ စက်တင်ဘာလ(၂၆)ရက်မှ အောက်တိုဘာလ(၉)ရက်၊ ၂၀၂၂ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီးမော့ဆို
ရှမ်းပြည်နယ်
ဖရူဆို
ဘောလခဲ
ရွာသစ်
နမ့်ပွန်ချောင်း
သံလွင်
# ၁
# ၂
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
မယ်စဲ့
အညွှန်း
စကစ မှ ဖြုတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခပတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေး၌နချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်၌နချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

- **စကစ လက်နက်ကြီးဖြင့်ပစ်ခတ်မှုများကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ၊ ဒဏ်ရာရရှိမှုများ အပြင် လွိုင်ကော်နှင့်ဒီးမော့ဆိုတွင် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း**

ပြီးခဲ့သည့် စက်တင်ဘာလ လကုန်ပိုင်းနှင့် အောက်တိုဘာလ အစောပိုင်းတွင် စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များအကြား ဖယ်ခုံမြို့နယ်အတွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း စစ်ရေး တင်းမာနေဆဲရှိသည့် အခြေအနေရှိသည်။ လွိုင်ကော်နှင့်ဒီးမော့ဆိုတွင် တိုက်ပွဲဖြစ်ပွားလျက်ရှိပြီး စစ်ကောင်စီ တပ်များသည် အရပ်သားများရှိရာသို့ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုကြောင့် သက်ကြီးအမျိုးသမီးတစ်ဦး သေဆုံးပြီး ငါးနှစ်ကလေးအပါအဝင် ငါးဦးဒဏ်ရာရရှိခဲ့သည်။ မြန်မာ့လေကြောင်းလိုင်း ပစ်ခတ်ခံရပြီး သည့်နောက်ပိုင်း စစ်ကောင်စီတပ်များသည် လွိုင်ကော်မြို့တွင်းရှိ စစ်အင်အားများ၊ သံချကာကားများချထားပြီး ကျေးရွာအတော်များများအတွင်း နေရာယူထားသည့်အပြင် လွိုင်ကော်အရှေ့ခြမ်းသို့ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည်။

စက်တင်ဘာလ ၂၆ ရက်နေ့၊ နံနက် ၅ နာရီ ၄၅ မိနစ်အချိန်တွင် ကယန်းသာယာကျေးရွာ၌ တပ်စွဲထားသော စကစတပ်စခန်းအား ကရင်နီပူးပေါင်းတပ်ဖွဲ့များဖြစ်သော ကရင်နီတပ်မတော် KA ၊ KNDF B-14 ၊ B-02 ၊ B-12 ၊ Loikaw Pdf နှင့် မဟာမိတ် SSRYတို့မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်များမှ ၂ ဦးသေဆုံးကာ ၅ ဦးနှင့်အထက် ဒဏ်ရာရရှိသွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေသော ကယန်းသာယာ ကျေးရွာအတွင်းသို့ လွိုင်ကော်အခြေစိုက် ခရလ ၂၅၀ တပ်မှ လက်နက်ကြီးအလုံး ၃၀ ထက်မနည်း ပစ်ခတ်ခဲ့၍ နေအိမ်များ ပျက်စီး ဆုံးရှုံးမှုများရှိသည်။ ထိုတရက်တည်းတွင် ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာအတွင်း တပ်စွဲနေသော စစ်ကောင်စီ တပ်အား KRU နှင့် DMO-PDF တပ်ရင်း A တို့မှ ညနေ ၄နာရီ ၃၀မိနစ်အချိန်မှစပြီး ညနေ ၆နာရီအထိ တိုက်ခိုက်ကာ စစ်ကောင်စီတပ် ၁၅ ဦး သေဆုံးခဲ့သည်။

စက်တင်ဘာလ ၂၇ ရက်နေ့၊ ညနေ ၃ နာရီခွဲအချိန်တွင် လွိုင်ကော်မြို့အခြေစိုက် ခလရ ၂၅၀ တပ်နှင့် မိုးဗြဲအခြေစိုက် ခမရ ၄၂၂ တပ်တို့မှ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်ပြုလုပ်ပြီး လွိုင်ကော်မြို့နယ် ကုန်းသာ ကျေးရွာအတွင်းသို့ လက်နက်ကြီးတစ်လုံး ကျရောက်ပေါက်ကွဲကာ နေအိမ်အတွင်းတွင်ရှိသော အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး ထိခိုက်သေဆုံးပြီး ၂ ဦး စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိမှုရှိသည်။

စက်တင်ဘာလ ၂၈ ရက်နေ့၊ ညနေ ၉ နာရီ ၁၀ မိနစ်အချိန်တွင် စစ်ကောင်စီတပ်မှ ၁၂၀ မမဖြင့် လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒီးမော့ဆို အရှေ့ခြမ်းရှိ နှစ်ခြင်းဘုရားကျောင်းတစ်ကျောင်းပေါ်သို့ ကျရောက် ပေါက်ကွဲခဲ့ပြီး အသက် ၁၇ နှစ်အရွယ် ကျောင်းသားတစ်ဦး ထိမှန် ဒဏ်ရာရရှိသွားခဲ့သည့်အပြင် ဘုရားကျောင်း လည်း ပျက်စီးသွားခဲ့သည်။

စက်တင်ဘာလ ၃၀ ရက်နေ့၊ နံနက် ၈နာရီ ၄၅ မိနစ်အချိန်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ခရီးသည်တင်လေယာဉ် လွိုင်ကော်လေဆိပ်အဆင်းတွင် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ခရီးသည်အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

 

လက်နက်ကြီးကြောင့် ပျက်စီးသွားသော ဒီးမော့ဆိုမှ နှစ်ခြင်းဘုရားကျောင်း လက်နက်ကြီးကြောင့် ထိခိုက်သေဆုံးမှု ရှိခဲ့သော ကုန်းသာကျေးရွာမှ အရပ်သားများ လွိုင်ကော်

အောက်တိုဘာလ ၂ ရက်နေ့၊ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်များသည် လွိုင်ကော်အရှေ့ခြမ်းသို့ လက်နက်ကြီး အကြိမ်ရေ ၃၀ ထက်မနည်း ပစ်ခတ်ခဲ့သည်။ လက်နက်ကြီး ပစ်ခတ်မှုများသည် အရပ်သား နေထိုင်သော နေရာသို့ နှစ်လုံးကျရောက်ပေါက်ကွဲခဲ့သော်လည်း နေအိမ်ထိခိုက်ပျက်စီးမှုများ အရပ်သား ထိခိုက်သေဆုံးမှုများ မရှိပေ။

အောက်တိုဘာလ ၇ ရက်နေ့၊ လွိုင်ကော်မြို့၊ နမ့်ကွတ်ရပ်ကွက်ထဲ စစ်ကောင်စီတပ်များနှင့် ကရင်နီ ပူးပေါင်းတပ်ဖွဲ့များ နံနက် ၈ နာရီအချိန်တွင် စတင်ပြီး မိနစ် ၂၀ ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဖွဲ့များမှ ၃ ဦး သေဆုံးသည်။

အောက်တိုဘာလ ၈ ရက်နေ့၊ ဒီးမော့ဆိုမြို့ မြို့မရဲစခန်းတွင် တပ်စွဲထားသော စစ်ကောင်စီတပ်များသည် စစ်ဘေးရှောင်များရှိရာသို့ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်၍ အသက် ၂၅ နှစ်အရွယ်အမျိုးသမီးတစ်ဦး ဒူးခေါင်းတွင် ထိမှန်ဒဏ်ရာရရှိခဲ့ပြီး အသက် ၅ နှစ်အရွယ်ကလေးငယ်တစ်ဦးမှာမူ ရင်ဘတ်တွင် ထိမှန်ဒဏ်ရာရရှိကာ စိုးရိမ်ရသည့် အခြေအနေရှိသည်။

**Contact persons:**
Khu Ko Reh		Tel: +666 5329 7814

Khu Ruby		Tel: +666 3184 2980
Website : www.karennicsn.org
Facebook: Karenni Csn (or) https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com